တွေကို ရှိခိုးဦးချ ကိုးကွယ်ကြသောလူမျိုး” ဟု လက်ညှိုးထိုးကြပါလိမ့်မည်။

၇။ ဤပြခဲ့သော အကြောင်းများကို အခြေခံထားပြီးလျှင် ရှင်သာမဏေဘဝမှစ၍ နေပုံ ထိုင်ပုံ ဝတ်ပုံ စားပုံအားဖြင့် သာသနာတော်နှင့် အမျိုး၏ကျက်သရေဆောင် ဖြစ်ကြစေလိုခြင်း၊ ထိုသို့ ကျက်သရေဆောင် သံဃတော်များ၏ ဩဝါဒကို နာယူရသော အမျိုးသား အမျိုးသမီးများ၏ ကိုယ်ကျင့်စာရိတ္တ မြင့်စေလိုခြင်းကြောင့် “ရှင်ကျင့်ဝတ်” ဟု ထင်ရှားပြီးသော သိက္ခာပုဒ်များကို လေးစားသောစိတ်ဖြင့် သားနားသစ်လွင်အောင် ရုပ်ပုံပေါင်းများစွာ တန်ဆာဆင်၍ “ရုပ်ပုံ ရှင်ကျင့်ဝတ်”ဟူသော အမည်သစ် ထွင်ကာ စီစဉ် ရေးသားလိုက်ရပါသည်။

## ရေးသားပုံ အစီအစဉ်

ꩻ) ရှေးဦးစွာ ခေါင်းရိတ်မှုမှစ၍ ပါဠိတော်နှင့် အဋ္ဌကထာလာသည့်အတိုင်း မြန်မာလို နားလည်အောင် ရေးသားထား၏၊ စိတ်ဝင်စားဘွယ် ကောင်းသော တချို့ အချက်၌ ရုပ်ပုံများကိုလည်း ပြထား၏၊ [ရုပ်ပုံများကို သားသား နားနားနှင့် များများထည့်မည်ဟု ရည်ရွယ်သော်လည်း ရည်ရွယ်ချက် မကိုက်ဘဲ ဖြစ်နေပါသည်။]

ခ) ထို့နောက် ရှင်သာမဏေများ အတုယူဘွယ်ကောင်း၍ (အလှူကြီးမှ မပေးရလျှင် ကိုရင် မဝတ်ကောင်း